# မာတိကာ


- ထုတ်ဝေသူ၏အမှာ ၉
၁ ကမ္ဘာ့လူဦးရေနှင့် ဖိအား ၁၁
၂ စီးပွားရေး အုပ်စုဖွဲ့မှုများ ၁၆
၃ စွမ်းအင် ၂၀
၄ နျူကလီးယားပထဝီအနေအထား ၂၅
၅ ပင်လယ်ပြင်ဥပဒေ ၃၂
၆ ကမ္ဘာသုံးခု မရှိတော့ပြီ ၃၆
၇ ကုလသမဂ္ဂ ၄၀
၈ အကြမ်းဖက်ဝါဒ ၄၄
၉ မနေသဟာယအဖွဲ့ ၄၇
၁၀ ဥရောပ အရှေ့နှင့် အနောက် ၅၀
၁၁ အတ္တလန္တိတ် မဟာမိတ် ၅၃
၁၂ ဥရောပညီညွတ်ရေးလှုပ်ရှားမှုများ ၅၇
၁၃ ဂျာမနီ ၆၃
၁၄ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဥရောပ ၆၇
၁၅ ယူဂိုဆလားဗီးယားပြည်ထောင်စုဟောင်းနှင့် အယ်လ်ဘေးနီးယား ၇၂
၁၆ ဆိုဗီယက်ပြည်ထောင်စုဟောင်း ၇၇
၁၇ ရုရှား ၈၁
၁၈ ဘောလတစ်မှ ပင်လယ်နက်သို့ ၈၅
၁၉ ကော့ကေးဆပ် ၈၉
၂၀ ဆိုဗီယက်ပြည်ထောင်စုဟောင်းမှ ဗဟိုအာရှ ၉၃
၂၁ စကင်ဒီနေးဗီးယား ၉၉
၂၂ မြောက်ပင်လယ် ၁၀၂
၂၃ တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံငယ်လေးများ ၁၀၅
၂၄ အိုင်ယာလန် ၁၁၀
၂၅ ဂျီဘရော်တာ ၁၁၃
၂၆ ဆိုက်ပရပ်၊ ဂရိနှင့် တူရကီ ၁၁၆





၂၇ အာရှနှင့် အာဖရိက ၁၁၉
၂၈ အစ္စလမ် ၁၂၃
၂၉ အာရပ်ကမ္ဘာ ၁၂၇
၃၀ တောင်ပိုင်းအာဖရိက ၁၃၃
၃၂ အာဖရိကအလယ်ပိုင်း ၁၃၅
၃၃ အင်ဂိုလာနှင့် နမီးဗီးယား ၁၃၉
၃၄ တောင်အာဖရိကသမ္မတနိုင်ငံ ၁၄၂
၃၅ ဆူဒန်နှင့် အာဖရိကတိုက် ဦးချိုပိုင်းနိုင်ငံများ ၁၄၇
၃၆ အရှေ့အာဖရိက ၁၅၂
၃၇ နိုင်ဂျီးရီးယားနှင့် ဂီနီကမ်းခြေ ၁၅၅
၃၈ ယခင် ပြင်သစ်အာဖရိက ၁၆၀
၃၉ မြောက်အာဖရိက ၁၆၄
၄၀ မော်ရိုကိုနှင့် အနောက်ဆာဟာရ ၁၆၈
၄၁ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက ရေနံ ၁၇၀
၄၂ စူးအက်နှင့် အိန္ဒိယသမုဒ္ဒရာ ၁၇၄
၄၃ အစ္စရေးနှင့် အာရပ်များ (၁) ၁၇၇
၄၄ အစ္စရေးနှင့် အာရပ်များ (၂) ၁၈၂
၄၅ လက်ဘနွန်နှင့် ဆီးရီးယား ၁၈၈
၄၆ အာရေဗျ ၁၉၂
၄၇ ပင်လယ်ကွေ့နိုင်ငံများနှင့် အီရန် ၁၉၆
၄၈ အီရတ်စစ်ပွဲများ ၂၀၁
၄၉ ကာ့ဒ်လူမျိုးများ ၂၀၆
၅၀ အာဖဂန်နစ္စတန် ၂၀၉
၅၁ တောင်အာရှဒေသ (၁) ၂၁၃
၅၂ တောင်အာရှဒေသ (၂) ၂၁၇
၅၃ ဟိမဝန္တာတောင်တန်း၊ တိဗက်၊ မြန်မာ ၂၂၂
၅၄ တရုတ်နှင့် ရုရှား ၂၂၅
၅၅ တရုတ်နှင့် အခြားအိမ်နီးချင်းနိုင်ငံများ ၂၂၉
၅၆ တရုတ် (တိုင်ပေ) ၂၃၂
၅၇ ဟောင်ကောင်နှင့် မကာအို ၂၃၅
၅၈ ဂျပန် ၂၃၈
၅၉ ကိုရီးယား ၂၄၂
၆၀ အရှေ့တောင်အာရှ ၂၄၆





၆၁ အင်ဒိုချိုင်းနား ၂၅၀
၆၂ ကမ္ဘောဒီးယား ၂၅၃
၆၃ မလေးရှားနှင့် စင်ကာပူ ၂၅၆
၆၄ အင်ဒိုနီးရှားနှင့် နယူးဂီနီ ၂၅၉
၆၅ ဩစတြေးလျနှင့် နယူးဇီလန် ၂၆၃
၆၆ တောင်ပစိဖိတ် ၂၆၇
၆၇ အမေရိကနှင့် ပစိဖိတ်ဒေသ ၂၇၁
၆၈ အမေရိကန်ပြည်ထောင်စု ၂၇၅
၆၉ ကနေဒါ ၂၇၈
၇၀ မက္ကဆီကို ၂၈၂
၇၁ အမေရိကတိုက်အလယ်ပိုင်း၊ ကာရေဘီယန်၊ ကျူးဘား ၂၈၄
၇၂ ကိုလံဘီယာနှင့် ပနားမား ၂၈၉
၇၃ အရှေ့ကာရစ်ဘီယံ၊ ဂီယာနာ၊ ဗင်နီဇွဲလား ၂၉၃
၇၄ လက်တင်အမေရိက ၂၉၆
၇၅ အာဂျင်တီးနားနှင့် ဖော့ကလန် ၃၀၁
၇၆ အန္တာတိတ် ၃၀၆
၇၇ အာတိတ် ၃၀၈

နောက်ဆက်တွဲများ
- အညွှန်းကိန်းဂဏန်းများ (လူဦးရေ၊ ဂျီဒီပီ၊ ရေနံသိုက်ပမာဏ၊ စစ်အသုံးစရိတ်) ၃၁၃
- အကြောင်းအရာအညွှန်း ၃၁၅


# ထုတ်ဝေသူ၏အမှာ

ပြီးခဲ့သည့် ရာစုနှစ်အတွင်း ကမ္ဘာ့မြေပုံသည် သိသိသာသာ ပြောင်းလဲခဲ့သည်။ အကြမ်းဖက်မှုများသည် နိုင်ငံအချင်းချင်း ဖြစ်ပွားသော ပဋိပက္ခများနေရာတွင် အစားထိုးဝင်ရောက်လာသည်။ အရှေ့အလယ်ပိုင်းဒေသအရေးသည် အများစု အာရုံစိုက်စရာ ဖြစ်လာသည်။ နျူကလီးယားလက်နက် ပိုင်ဆိုင်မှု ပြဿနာသည် အီရန်၊ မြောက်ကိုရီးယား၊ ပါကစ္စတန်၊ အိန္ဒိယနိုင်ငံများနှင့်အတူ ရှေ့တန်းရောက်လာသည်။ အမေရိကန်တို့က အာဖဂန်နစ္စတန်နှင့် အီရတ်တို့ကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ ကွန်ဂိုမှ ဆူဒန်အထိ ဗဟိုနှင့် အရှေ့ပိုင်းအာဖရိက နယ်မြေတစ်လျှောက်လုံး စစ်ပွဲများက လွှမ်းခြုံနေသည်။ ဆိုမာလီက ပြိုကွဲသွားသည်။ အရှေ့တီမောသည် အင်ဒိုနီးရှားမှ ခွဲထွက်ခဲ့သည်။ မွန်တီနီဂရိုးသည် ဆားဗီးယားမှ ခွဲထွက်ခဲ့သည်။ ကိုဆိုဗိုသည်လည်း ထိုလမ်းစဉ်နောက် လိုက်ခဲ့သည်။ တရုတ်နိုင်ငံသည် ဟောင်ကောင် ပိုင်ဆိုင်မှုကို ပြန်လည်ရယူခဲ့ပြီး ကမ္ဘာ့စီးပွားရေးတွင် ဒုတိယ အင်အားအကြီးဆုံးနိုင်ငံ နေရာကို ရယူခဲ့သည်။ အိန္ဒိယကလည်း တရုတ်ကိုကျော်တက်ရန်ကြိုးပမ်းနေသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံအထိ ရှိလာပြီး နေတိုးအဖွဲ့ကလည်း အရှေ့ဥရောပဒေသအထိ နယ်ပယ်ချဲ့လာသည်။ ဆိုဗီယက်ပြည်ထောင်စုဟောင်းမှ ခွဲထွက်လာသော ဘောလတစ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိလာသည်။

ကမ္ဘာ့နိုင်ငံရေးမြေပုံစာအုပ်ကို Andrew Boyd ရေးသားသော *An Atlas of World Affairs* မှ တိုက်ရိုက်ပြန်ဆိုထားပါသည်။ Andrew Boyd သည် အဆိုပါစာအုပ်ကို ၁၉၅၇ ခုနှစ်တွင် စတင် ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ငါးဆယ်ကျော်အတွင်း အကြိမ်ကြိမ်ပုံနှိပ်၊ အကြိမ်ကြိမ်တည်းဖြတ် ထုတ်ဝေခဲ့ပါသည်။ ယခု မြန်မာဘာသာပြန်ဆိုသောစာအုပ်သည် ၎င်း၏ ၁၁ ကြိမ်မြောက် တည်းဖြတ်ထုတ်ဝေသောစာအုပ် ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံရေးမြေပုံစာအုပ်တွင် ဒုတိယကမ္ဘာစစ်မှစ၍ မျက်မှောက်ခေတ်အချိန်အထိ ခေတ်သစ်ကမ္ဘာကြီးကို ပုံဖော်ခဲ့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ဖြစ်ရပ်များအကြောင်းကို ဖော်ပြထားသည်။ မူရင်းစာအုပ်မှာ ၂၀၀၈ ခုနှစ်က ထုတ်ဝေခဲ့၍ ၂၀၀၈ ခုနှစ်နှင့် နောက်ပိုင်း ၂၀၁၀ ပြည့်နှစ် ဇွန်လအထိ နိုင်ငံတကာဖြစ်ရပ်များကို ထပ်မံဖြည့်စွက်ထားပါသည်။ ထိုသို့ဖြည့်စွက်ရာတွင် မူရင်းစာရေးဆရာ၏ အာဘော်ကို မထိခိုက်စေဘဲ ပြောင်းလဲလျက်ရှိသော ကမ္ဘာကြီး၏ ရှုပ်ထွေးများပြားသည့် အကြောင်းရပ်များကို ရိုးရိုးရှင်းရှင်း နားလည်သဘောပေါက်စေရန် ဖြည့်စွက်တင်ပြထားပါသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာပြဿနာများနှင့် အရေးအခင်းများကို သက်ဆိုင်ရာနိုင်ငံတို့၏ ပထဝီဝင်ဆိုင်ရာ အခြေအနေကိုလိုက်၍ မြေပုံပေါင်း တစ်ရာခန့်စုစည်း တင်ပြထားသည်။ မြေပုံတစ်ပုံချင်းစီသည် ၎င်းနှင့်ပတ်သက်သော များပြားရှုပ်ထွေးသည့် ကမ္ဘာ့ရေးရာပြဿနာများကို ရှင်းရှင်းလင်းလင်း သိစေနိုင်မည်ဖြစ်သည်။

၁၉၉၈ ခုနှစ် နောက်ပိုင်း ဖြစ်စဉ်များကို ရေးသားရာတွင် Time, Newsweek, Economist, Fortune, Internation Herial Tribune, BBC, CNN နှင့် MNA သတင်းများနှင့် အင်တာနက်မှ အချက်အလက်များကို ရယူ အကိုးအကားပြုပါသည်။



မူရင်းစာရေးသူ

မူရင်းစာရေးသူ Andrew Boyd သည် ၁၉၄၆ ခုနှစ်တွင် ဗြိတိသျှဆက်သွယ်ရေးအရာရှိတစ်ဦးအဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပထမဆုံး ညီလာခံသို့ တက်ရောက်ခဲ့ချိန်ကစ၍ နိုင်ငံတကာရေးရာကိစ္စရပ်များကို စတင်ရင်းနှီးကျွမ်းဝင်ခဲ့သူဖြစ်သည်။ (ရေးသားပြုစုခဲ့သည့် အခြားသောစာအုပ်များတွင် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် စပ်လျဉ်း ရေးသားခဲ့သော စာအုပ်သုံးအုပ်ပါဝင်သည်။) သူသည် The Economist စာစောင်တွင် နှစ်ပေါင်း ၃၇ နှစ်ကြာမျှ ကမ္ဘာ့ရေးရာများ ရေးသားခဲ့သူတစ်ဦးဖြစ်သည်။ Andrew Boyd သည် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကွယ်လွန်ခဲ့သည်။

*Atlas of World Affairs: 11 edition* ကို Joshua Comentez က ဆက်လက်တာဝန်ယူ ဖြည့်စွက်တည်းဖြတ်ပါသည်။ သူသည် နိုင်ငံတကာ ပဋိပက္ခများနှင့် ပြဿနာများ၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကမ္ဘာ့ဒေသတစ်ခုချင်းအလိုက် မြေကြီးမြေပုံအပြောင်းအလဲများကို ၁၉၉၀ ပြည့်နှစ်မှစ၍ လေ့လာ သုတေသနပြုနေသူတစ်ဦး ဖြစ်သည်။ လူမျိုးစုများ၊ ဘာသာရေးဆိုင်ရာမြေပုံများ၊ နိုင်ငံရေးအပြောင်းအလဲများနှင့် ပတ်သက်ပြီး ပြဿနာဖြေရှင်းရေးဆိုင်ရာ အကြံပေးနှင့် တက္ကသိုလ်အဆင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပထဝီဝင် ဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

မှတ်စုများ

အကွာအဝေးကို မိုင်ဖြင့် ဖော်ပြထားပါသည်။ တစ်မိုင်လျှင် အကြမ်းအားဖြင့် ၁ ဒသမ ၆၁ ကီလိုမီတာရှိသည်။ ရေမိုင် တစ်မိုင်လျှင် အကြမ်းအားဖြင့် ၁ ဒသမ ၈၅ ကီလိုမီတာရှိသည်။ ၁ စတုရန်းမိုင်ကို စတုရန်းကီလိုမီတာဖွဲ့ရန် ၂.၅၉ ဖြင့် မြှောက်ပါ။ တန်နှင့် မက်ထရစ်တန် အခေါ်အဝေါ် ကွဲသော်လည်း အတူတူပင် ဖြစ်သည်။ တစ်တန်တွင် ရေနံစည် ၇ စည် ရှိသည်။